# MACCS About



## MACCS စနစ်ဖြစ်ပေါ်လာပုံ

နိုင်ငံတကာတွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာသည်နှင့်အမျှ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး (Trade Facilitation) အတွက် နိုင်ငံတကာအသိအမှတ်ပြု လုပ်ထုံးလုပ်နည်းများ၊ နည်းပညာများဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံသည်လည်း နိုင်ငံရေး၊ စီးပွားရေးကဏ္ဍအသီးသီးတွင် ပြောင်းလဲ လာသည့်နောက်ပိုင်း ကုန်သွယ်မှုလုပ်ငန်းများလည်း တဟုန်တည်း တိုးတက်လာခဲ့သောကြောင့် အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်များအား ယခုလက်ရှိ Manual စနစ်မှာ အချိန် ကြန့်ကြာခြင်း၊ ကုန်ကျစရိတ်များပြားခြင်း၊ ကုန်သွယ်မှုကိန်းဂဏန်းများ ယေဘုယျအားဖြင့် တိကျမှန်ကန်စွာရရှိနိုင်မှု ထိခိုက်စေနိုင်ခြင်းနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အဟန့်အတားဖြစ်ပေါ်နိုင်စေခြင်းတို့ကြောင့် Automatic System ပြောင်းလဲကျင့်သုံးရခြင်း ဖြစ်ပါသည်။

## ရည်မှန်းချက်

(၁) သွင်းကုန်/ ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ ပိုမိုသွက်လက်မှန်ကန် မြန်ဆန်စေရန်။

(၂) နိုင်ငံတကာအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရန်။

(၃) အချိန်၊ ငွေကြေးသုံးစွဲရမှုများ လျော့ကျလာစေပြီး ကြိုတင်မျှော်မှန်း ဆောင်ရွက်လာနိုင် စေရန်။

(၄) နိုင်ငံတကာစံလုပ်ထုံးတစ်ခုဖြစ်သည့် Risk Management စနစ်အား နည်းလမ်းတကျ အသုံးပြုနိုင်ရန်။

(၅) ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်းမှတဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖိတ်ခေါ်လာနိုင်စေရန်နှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ထောင့်တစ်နေရာမှ အထောက်အကူဖြစ်စေရန်။

## ရရှိလာမည့်အကျိုးကျေးဇူးများ

(၁) ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်းမှတဆင့် ကုန်သွယ်မှုပမာဏ တိုးတက်များပြားလာခြင်း။

(၂) နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာငွေကို ပိုမိုတိကျမှန်ကန်စွာ ကောက်ခံရရှိလာစေနိုင်ခြင်း။

(၃) နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများတွင် တစ်ထောင့်တစ်နေရာမှ အထောက် အကူပြုနိုင်ခြင်း။

(၄) MACCS စနစ်မှ National Single Window စနစ်သို့လည်းကောင်း၊ ထိုမှတဆင့် Asean Single Window စနစ်သို့လည်းကောင်း ဝင်ရောက်ချိတ်ဆက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ခြင်း။

## MACCS စနစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု

MACCS/ MCIS စနစ်သည် ဂျပန်နိုင်ငံအစိုးရ၏ ဘဏ္ဍာရေးအကူအညီ (Grant Aid) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် စနစ်တစ်ခုဖြစ်ပြီး ဂျပန်နိုင်ငံ၏ Nippon Automatic Cargo and Port Consolidated System (NACCS) နှင့် Customs Intelligence System (CIS) တို့ကို မြန်မာအကောက်ခွန်တွင် ယခုလက်ရှိ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအပြင် နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ဂျပန် IT ဖော် ဆောင်ရွက်ခဲ့သည့် စနစ်တစ်ခုဖြစ်ပြီး ဂျပန်နိုင်ငံ၏ Nippon Automatic Cargo and Port Consolidated System (NACCS) နှင့် Customs Intelligence System (CIS) တို့ကို မြန်မာအကောက်ခွန်တွင် ယခုလက်ရှိ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ အပြင် နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ဂျပန် IT ပညာရှင် များ၊ ဂျပန်အကောက်ခွန်မှ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာအကောက်ခွန်မှ ဝန်ထမ်းများ၊ IT ပညာရှင်များ ပူးပေါင်း၍ ရေးဆွဲထားသော စနစ်တစ်ခုဖြစ်ပါသည်။

## MACCS စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်မည့် အခြားအစိုးရအဖွဲ့အစည်းများ (OGAs)

(၁) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOC) (ကိုယ်ပိုင်စနစ်ဖြင့်ချိတ်ဆက် ပါမည်)

(၂) မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (MPA) (ကိုယ်ပိုင်စနစ် Port EDI ဖြင့်ချိတ်ဆက်ပါမည်)

(၃) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန (FDA)

(၄) အပင်ရောဂါပိုးမွှားကာကွယ်ရေးဌာန (Plant Quarantine)

(၅) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (Animal Quarantine)

(၆) ငါးလုပ်ငန်းဦးစီးဌာန (DOF)

(၇) မြန်မာ့စီးပွားရေးဘဏ် (MEB) (အကောက်ခွန်ဖြင့်သာ သီးခြားချိတ်ဆက်ခြင်းဖြစ်ပါသည်)

## MACCS စနစ်မှ လက်ခံဆောင်ရွက်ပေးနိုင်သော Service Flow များ

(1) Import Declaration Sea Container Cargo (Released as Container)

(2) Import Declaration Sea In-bulk Cargo

(3) Import Declaration Air Normal Cargo

(4) Import Declaration Air Consolidated Cargo

(5) Declaration (Preliminary declaratio)

(6) Import Export etc. Amended Declaration

(7) Import Export etc. Single Window(Usage of License & License Balance)

(8) Import Single Window(OGA TEST After Declaration)

(9) Import Single Window(OGA TEST Before Declaration)

(10) Import Single Window(OGA TEST After Release Order)

(11) Bonded transportation

(12) Transit Declaration(arrival by vessel-departure by vehicle)

## MACCS စနစ်မှ ကောက်ခံနိုင်သော အခွန်အမျိုးအစားများ

(1) Customs Duty

(2) Commercial Tax

(3) Security Fee (for X-Ray)

(4) RD or PVRD

(5) Special Tariff

(6) Transit Duty

(7) Advance Income Tax

(8) MACCS Service Fees

(9) RF, DP (Direct Penalty)

(10) License Fee

## MACCS စနစ်၏ထူးခြားသည့်လုပ်ဆောင်ချက်များ

(1) ၂၄ နာရီပတ်လုံးလုပ်ငန်းဆောင်ရွက်နိုင်သည့် စနစ်ဖြစ်သဖြင့် အလုပ်ချိန်/ ရုံးချိန် ပြင်ပတွင် ကြေညာလွှာ(ID/ED)တင်သွင်းခြင်းများကို လွယ်ကူစွာ လက်ခံဆောင်ရွက်နိုင် ခြင်း။

(2) အခွန်အရပ်ရပ်ပေးဆောင်ခြင်းအား ကြိုတင်အပ်နှံငွေ (Deposit)၊ ဘဏ်အာမခံစနစ် (Security) ဖြင့် ပေးဆောင်နိုင်ရန် ထည့်သွင်းရေးဆွဲထားခြင်း။

(3) ယခင်ကုန်ပစ္စည်းရှင်းလင်းထုတ်ယူမှုတွင် အခွန်ဆောင်ပစ္စည်းထုတ်ယူသည့်စနစ် မှ ပစ္စည်းစစ် အခွန်ဆောင်ထုတ်ယူမှုစနစ်သို့ ပြောင်းလဲကျင့်သုံးခြင်း။

(4) စနစ်သည်(၂၄)နာရီပတ်လုံး ဆောင်ရွက်သွားမည့်စနစ် ဖြစ်သောကြောင့် နေ့စဉ် အခွန်အရပ်ရပ်တွက်ချက်မှုအတွက် ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်ပေးသောDaily Exchange Rate အစား Weekly Exchange Rate သို့ ပြောင်းလဲကျင့်သုံးခြင်း။

(5) အခွန်ငွေများတွက်ချက်ကောက်ခံရာတွင် ပြားစွန်းများအား ထည့်သွင်းကောက်ခံမှု မပြုတော့ခြင်း။

## MACCS စနစ်အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးပါက အသုံးပြုသွားမည့်နေရာများ

(1) Myanmar Customs Department (Head Quarter)

(2) Airport Warehouse (Import)

(3) Airport Warehouse (Export)

(4) Htee Dan Port

(5) Asia World Port Terminal

(6) Myanma Industrial Port

(7) Ahlone International Port Terminal

(8) No.(5), Sule Wharf

(9) Bo Aung Kyaw Port

(10) No.(2), Inland Containere Depot

(11) Myanmar Integrated Port Limited

(12) Myanmar International Terminal Thilawar

(13) Myanmar Customs Department Training

(14) Thilawar SEZ Logestic Center

## MACCS စနစ်အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးမှုအခြေအနေ

MACCS စနစ်ကို ၂၄-၇-၂၀၁၃ရက်နေ့မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ခုနှစ် ဒီဇင်ဘာလအကုန်တွင် စနစ်တစ်ခုလုံး၏ Brief Design ကိုလည်းကောင်း၊ ၂၀၁၅ခုနှစ်

မတ်လ အကုန်တွင်  Detail Design ကိုလည်းကောင်း ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။ စနစ်နှင့်ပတ်သက်သည့် မြန်မာ - ဂျပန် နှစ်ဖက်သဘောတူစာချုပ် (၈) ခု၊ ပြည်တွင်း ကန်ထရိုက် သဘောတူစာချုပ် (၂) ခုလက်မှတ် ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ ယခုလက်ရှိအချိန်တွင်  System Making အပိုင်းအား ဆောင်ရွက်လျှက်ရှိပါသည်။

## ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ

(၁) အကောက်ခွန်ဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် User Manual များ ပြင်ဆင်ရေးဆွဲခြင်း၊ လက်ရှိအကောက်ခွန်လုပ်ထုံးလုပ်နည်းများအား MACCS စနစ်နှင့်လိုက်လျောညီထွေ ရှိစေရေးအတွက် ပြင်ဆင်ရေးဆွဲခြင်း လုပ်ငန်းများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၆ ခုနှစ် ဧပြီလအတွင်း ဆောင်ရွက်သွားပါမည်။

(၂) MACCS စနစ်နှင့်သက်ဆိုင်သော အချက်အလက်များ အလွယ်တကူ လေ့လာ ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိ Myanmar Customs Website အား တိုးချဲ့ ဆောင်ရွက်နိုင်စေရေးကို ၂၀၁၆ ခုနှစ် မတ်လအတွင်း လွှင့်တင်သွားမည် ဖြစ်ပါသည်။

(၃) System User များအတွက် သင်တန်းများပို့ချခြင်းကို ၂၀၁၆ ခုနှစ် မေ၊ ဇွန်၊ ဇူလိုင်လများနှင့် System အသုံးပြုမှုအတွက် လျှောက်လွှာများ လက်ခံခွင့်ပြုခြင်းကို ၂၀၁၆ ခုနှစ် ဧပြီလအတွင်း ဆောင်ရွက်သွားပါမည်။

(၄) စနစ်ကို တိကျမှန်ကန်စွာ သုံးစွဲနိုင်ရေးအတွက် Master Table Setting များရေးဆွဲ ထည့်သွင်းရေးကို ၂၀၁၅ ခုနှစ် ဇူလိုင်လ မှ ၂၀၁၆ ခုနှစ် ဇူလိုင်လ အတွင်း ဆောင်ရွက်လျက်ရှိပါသည်။

(၅) Hardware Installation/ Network Installation လုပ်ငန်းများ၊ System Management Vendor ရွေးချယ်စာချုပ်ချုပ်ဆိုနိုင်ရေး စသည့်လုပ်ငန်းများအား လက်ရှိဆောင်ရွက်ဆဲဖြစ်ပြီး ၂၀၁၆ခုနှစ် ဇူလိုင်လ အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၆) MACCS စနစ် စမ်းသပ်စစ်ဆေးမှု (Test Run) ကို ၂၀၁၆ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအတွင်း လည်းကောင်း၊ စနစ်တစ်ခုလုံး စတင်အသုံးပြုမှုကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။